KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဒီဇင်ဘာလ ၅ ရက်, ၂၀၂၄ ခုနှစ် /KHRG စာအမှတ်- 24-5-I1

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ- SAC စစ်သားများမှ ဒွယ်လိုးမြို့နယ်အတွင်းရှိ ရွာသားတစ်ဦးအား ၎င်း၏လယ်ယာတွင်ပစ်သတ်ခြင်း (၂၀၂၃ ခုနှစ်၊ ဇွန်လ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်အတွင်း ဖြစ်ပွားသည့် အဖြစ်အပျက်ကို ဖော်ပြထားပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** စစ်သားများမှ ဒွယ်လိုးမြို့နယ်၊ မာလေးလယ်ကျေးရွာအုပ်စု၊ ယ--- ကျေးရွာရှိ အသက် (၂၂) နှစ်အရွယ်ရှိစောဟ--- ကို ၎င်း၏လယ်ယာဘေးတွင် ပစ်သတ်ခဲ့ပါသည်။ အဆိုပါမှုခင်းသည် SAC **ခြေမြန်တပ်ရင်း (ခမရ)** အမှတ် (၄၀၉) စစ်သားများမှ ဒွယ်လိုးမြို့နယ်၊ မယ်ဝေကျေးရွာအုပ်စုရှိ မယ်ဝေစစ်တပ်စခန်းမှ ခူးသူထကျေးရွာအုပ်စုတွင်အခြေစိုက်သည့် **ခြေမြန်တပ်ရင်း (ခမရ)** အမှတ် (၄၀၉) စစ်တပ်စခန်းသို့သွားနေစဥ် **ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)** ၏ ကြိုးဆွဲမိုင်းဖြင့်တိုက်ခိုက်ခံရပြီး ခဏအကြာတွင် ဖြစ်ပွားခဲ့ပါသည်။ စောဟ--- သည် ၎င်း၏မိသားစုအသက်မွေးဝမ်းကျောင်းအတွက်ထောက်ပံ့ပေးခဲ့ပြီး ယခု ၎င်း၏မိသားစုများသည် အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။*[1]

## အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | (သတ်ဖြတ်မှု) SAC စစ်သားများမှ ရွာသားတစ်ဦးအား ပစ်သတ်ခြင်း |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ** | မူတြော်ခရိုင်၊ မာလေးလယ်ကျေးရွာအုပ်စု၊ ယ--- ကျေးရွာ (အနီးရှိလယ်ယာ) |

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

| (ကျေးရွာ၊ မြို့နယ်၊ ခရိုင်) | |
|---|---|

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| အမည် | စောဟ--- |
| အသက် | ၂၂ နှစ် |
| ကျား/မ | ကျား |
| လူမျိုး | ကရင် |
| အိမ်ထောင် ရှိ/မရှိ | မရှိ |
| အလုပ်အကိုင် | လယ် |
| ကိုးကွယ်သည့် ဘာသာ | ဗုဒ္ဓဘာသာ |
| ရာထူးအဆင့် | ရွာသား |
| နေရပ် ရွာအမည် | ဒွယ်လိုးမြို့နယ်၊ မာလေးလယ်ကျေးရွာအုပ်စု၊ ယ--- ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| အမည် | ရာထူး | စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ | အခြေစိုက်သည့်နေရာ ဒေသ | အထက်အရာရှိ အမည် |
| မသိရှိရ | မသိရှိရ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) လက်အောက်ရှိ ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၄၀၉) | ဒွယ်လိုးမြို့နယ်၊ ခူးသူးထကျေးရွာအုပ်စုအခြေစိုက် ခူးသူးထ စစ်တပ်စခန်း | ဗိုလ်ကြီးသက်နောင်စိုး၊ ဗိုလ်ဝေ ယံကျော်၊ ဗိုလ်ရှိုင်းမိုးအောင်နှင့် ဗိုလ်မှူးချမ်းငြိမ်းထွန်း |

# အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ဒွယ်လိုးမြို့နယ်ခရိုင်ရုံးမှ သတင်းအချက်အလက်ကိုလက်ခံရရှိပြီးနောက် ကျွန်ုပ် (KHRG ကွင်ဆင်းလုပ်သား) သည် ခိုင်မာတိကျသည့်အချက်အလက်များကိုရရှိရန် ယ--- ကျေးရွာလူကြီး စောအ--- နှင့်တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည့်အပြင် နော်ဈ--- ကိုပါတွေ့ဆုံမေးမြန်းခဲ့ပါသည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| စောဟ--- ၏မိခင် နော်ဈ--- နှင့် ယ--- ရွာလူကြီးစောအ--- တို့မှ ကျွန်ုပ် (KHRG ကွင်းဆင်းလုပ်သား) ကိုသတင်းအချက်လက်ပေးခဲ့ပါသည်။ အခင်းဖြစ်ပွားသည့်အချိန်တွင် ၎င်းတို့သည် ကျေးရွာထဲတွင်ရှိနေကြသည့်အပြင် သေဆုံးသွားသူ၏ |

အလောင်းကို အခင်းဖြစ်ပွားသည့်နေရာတွင်သွားရောက်သယ်ယူခဲ့ကြသောကြောင့် ဤမှုခင်းအကြောင်းအရာကို၎င်းတို့ သိရှိခဲ့ရခြင်းဖြစ်ပါသည်။

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

**အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။**

၂၀၂၃ ခုနှစ်, ဇွန်လ ၁၁ ရက်နေ့ ညနေ ၅ နာရီတွင် မူတြော် (ဖာပွန်)ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာလေးလယ်ကျေးရွာအုပ်စု၊ ယ--- ကျေးရွာတွင်နေထိုင်သည့် အသက် ၂၂ နှစ်အရွယ်ရှိ စောဟ--- သည် ၎င်း၏ကျေးရွာသို့ပြန်မည့်အချိန်တွင် **ခြေမြန်တပ်ရင်း (ခမရ)** အမှတ် (၄၀၉) ရှိ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)** စစ်သားများမှ ၎င်း၏လယ်ယာ ဘေးတွင်ပစ်သတ်ခဲ့ပါသည်။ အဆိုပါ SAC စစ်သားများမှ ပစ်ခတ်လိုက်သည့် ကျည်ဆံတစ်တောင့်သည့် ၎င်း၏ဘယ် ဖက်ရင်ဘက်ကိုထိမှန်ခဲ့၍ ချက်ချင်းသေဆုံးသွားခဲ့ပါသည်။

အဆိုပါမှုခင်းသည် SAC (ခမရ) အမှတ် (၄၀၉) စစ်သား များမှ ဒွယ်လိုးမြို့နယ်၊ မယ်ဝေကျေးရွာအုပ်စုရှိ မယ်ဝေစစ်တပ် စခန်းမှ ခူးသူထကျေးရွာအုပ်စုရှိ စစ်တပ်စခန်းသို့သွားနေစဉ် **ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)** ၏ ကြိုးဆွဲမိုင်းဖြင့်တိုက်ခိုက်ခံရပြီး တစ်နာရီမှနှစ်နာရီအကြာတွင် ဖြစ်ပွားခဲ့ပါသည်။ [ဤပစ်သတ်ခံရသည့်အဖြစ်အပျက် သည် ရွာသားများမှ SAC ၏ (ခမရ) အမှတ် (၄၀၉) စစ်သားများ ယ--- ကျေးရွာတွင် အနားယူပြီးထွက်သွားသည်ကို တွေ့ခဲ့ပြီး ခဏအကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။] SAC ၏ (ခမရ) အမှတ် (၄၀၉) စစ်သားများမှ ယ--- ကျေးရွာ အနီးရှိ စောဟ--- ၏လယ်ယာတွင် ရောက်သွားသည့်အချိန်တွင် ၎င်းနှင့်ပက်ပင်းတိုးခဲ့ပြီးပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ရွာသားများယုံကြည်ကြပါသည်။

စောဟ--- ၏ မိဘများ၊ အခြားရွာသားများ၊ နှင့် ဒေသခံကျေးရွာခေါင်းဆောင်များသည် ၎င်းသေဆုံးပြီး ၂၀ မှ ၃၀ မိနစ် အကြာတွင် [ပစ်ခတ်သံကိုကြားသည့်အချိန် တွင် အခင်းဖြစ်ပွားသည့်နေရာသို့] အလောင်းကိုသွားရောက်သယ်ယူ ကာ အိမ်သို့ပြန်သယ်လာခဲ့ပါသည်။ စောဟ--- ကို (ခမရ) အမှတ် (၄၀၉) ရှိ မည်သည့်စစ်သားမှပစ်ခတ်လိုက်သည်ကိုမသိရှိ ရပါ။ SAC ၏ (ခမရ) အမှတ် (၄၀၉) အား ဗိုလ်ကြီးသက်နောင်စိုး၊ ဗိုလ်ဝေယံကျော်၊ ဗိုလ်ရှိုင်းမိုးအောင် နှင့် ဗိုလ်မှူးချမ်း ငြိမ်းထွန်းတို့မှ ဦးဆောင်ကြပါသည်။ စောဟ--- ကို ပစ်ခတ်ရန်အတွက် မည်သူက အမိန့်ပေးခဲ့ကြောင်းကိုလည်း မသိရှိ ရပါ။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ ညနေ (၁း၃၀) အချိန်တွင် စောဟ--- ကို ရွာ၏သင်္ချိုင်း၌ မြှုပ်နှံခဲ့ကြပါသည်။ ၎င်းအနေ ဖြင့် အဓိကဝင်ငွေရှာဖွေသူမဟုတ်သော်လည်း လယ်ယာထဲတွင်း မိဘဖြစ်သူအား ဝိုင်းဝန်းကူညီပါသည်။ စောဟ--- သေ ဆုံးသွားသဖြင့် ၎င်း၏မိဘများမှာ စိတ်အလွန်ပင်ထိခိုက်ခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာပြဿနာကို ခံစားနေကြရသည့်အပြင် အလုပ်လုပ်လိုစိတ်ပင်မရှိကြတော့ပါ။ ၎င်း၏မိခင်ဖြစ်သူ နော်ဈ--- မှ *“ကျွန်မတို့ရဲ့သားလေးဆုံးသွားတဲ့အတွက် ကျွန်မ တို့ကိုလုပ်ကျွေးမယ့်သူမရှိတော့ဘူး။ ကျွန်မတို့လည်းအသက်ကြီးလာပြီး။ အလုပ်မလုပ်နိုင်တော့ဘူး။ ရှေ့ဆက်ဘယ်လို လုပ်ပြီးစားရတော့မလဲ မသိတော့ဘူး။ အိမ်မှာ အသက်မွေးဝမ်းကျောင်းဟာ ကျွန်မတို့အတွက် တကယ့်ကြီးမားတဲ့အ*

*ခက်အခဲဖြစ်လာတယ်။"* ဟုပြောပြခဲ့ပါသည်။

## အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| ပစ်သတ်ခံရသူ၏မိသားစုနှင့် ကျေးရွာလူကြီးတို့မှ ဆင်ဆာဖြတ်တောက်ခြင်းနှင့်အတူ ဤအချက်အလက်များကို အသုံးပြုထုတ်ဝေရန် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။ |

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။